
for
ချစ်သူရေးတဲ့ရည်းစားစာ
NP
LK

အခန်း(၁)

# မိုးစက်ဝိုင်

## ချစ်သူရေးတဲ့ ရည်းစားစာ

## (၁)

''ဟော့ကောင် လင်းကို''

ကင်တင်းတစ်ခုရှေ့မှ ဖြတ်အလျှောက်တွင် သူ့နာမည် လှမ်း ခေါ်သံကို ကြားလိုက်ရ၏ ။ အဖိုသံဖြစ်သည်။ မာရေကျောရေပင် နိုင် လှသေးသည်။ ငဲ့၍ ပင် မကြည့်ဘဲ ခေါင်းမော့ရင်ကော့ပြီး ဆက်လျှောက် လိုက်၏ ။

ထိုစဉ်မှာပဲ ...

သူ့လက်အား ဆတ်ခနဲ ဆွဲကိုင်လိုက်သည့် အထိအတွေ့ကို ခံစားလိုက်ရပြန်၏ ။ နွေးထွေးအိစက်နေသော လက်ကလေး ဖြစ်သည်။ မိန်းကလေးတစ်ယောက်၏ လက်မှန်း မေးစရာပင် မလိုချေ။

''မောင်'' တို့ယောကျ်ားတွေများ။

ဖျတ်ခနဲ လှည့်ကြည့်ပြီး ခပ်တည်တည်မျက်နှာပေးဖြင့် ...

''ဒါ ဘာလုပ်တာလဲ''

ထိုသို့မေးရင်း ကြည့်လိုက်သောအခါတွင် ကျော့ရှင်းလှပသူ လေးကို တွေ့လိုက်ရခြင်း ဖြစ်သည်။ လက်လာဆွဲမိသော ကောင်မ လေးလည်း လင်းကိုအမေးကြောင့် မျက်နှာလေး ပန်းရောင်ပြေးသွား၏ ။

လက်ကို မလွှတ်သေးဘဲ ထိုကောင်မလေးကပင် ဒုံးကျည် လွှတ်သလို စကားဆိုလာသည်။

''လင်းကိုဆိုတာ ရှင်လား''

''အစစ်ပေါ့''

အပေါ်စီးကပင် ဖြေလိုက်သေးသည်။ ထိုကောင်မလေးကို လည်း သူမသိချေ။ လက်လာဆွဲပြီး တစ်ပြန်ကြီးနှင့် လာမိတ်ဆက်နေ တာ ဖြစ်ဖို့များသည်။ ကိုယ်က ရေမလျှံပေမယ့် ရုပ်တော့ရှိသည်ပဲ။

လင်းကို အတွေးက မဆုံးလိုက်။ ကောင်မလေးက လက်ကို ဆောင့်ဆွဲ၍ ...

''လာ ...လင်းကိုဆိုရင် ရှင်လိုက်ခဲ့''

''အဲ ...''

လင်းကို ကြောင်သွားရသည်။ ဒါဆိုလျှင် မိတ်ဆက်တာတော့ မဖြစ်နိုင်ချေ။ ခုပဲ ပုလိပ်မေး,မေးပြီး ပုလိပ်ခေါ်,ခေါ်နေပြီ။

ဘာမှန်းမသိပေမယ့် လက်ကို တောင့်ထားရင်းမှ ...

''ဒီမှာ ...လင်းကိုဆိုတာ ကျွန်တော်ဟုတ်တယ်၊ ကျွန်တော် ဆိုတဲ့ လင်းကိုက ခေါ်တိုင်းလိုက်တဲ့အစား မဟုတ်ဘူးဗျ''

''အောင်မာ အောင်မာ ...လာလာချည်သေး''

''ကိစ္စကို ပြောလေဗျာ ...ဒီလို ပြောင်ပြောင်တင်းတင်းကြီး တော့ မလုပ်နဲ့ပေါ့''

ထိုအခါမှပဲ ဆွဲထားသော လင်းကို၏ လက်ကို ဆောင့်ကြီး အောင့်ကြီး လွှတ်လိုက်သည်။ ပြီး ...

''ဒီမှာ ...ကျွန်မကလည်း အရှက်မရှိ လမ်းလယ်ကောင်မှာ ရှင့်လက်ကို လာဆွဲချင်လို့ ဆွဲတာမဟုတ်ဘူး၊ ရှင် လစ်ပြေးမှာစိုးလို့ ဆွဲထားတာ''

လင်းကို စဉ်းစားလိုက်၏ ။ ပြဿနာတစ်ခုခုဆိုတာတော့ သေ ချာနေပြီ။ သို့သော်လည်း ကျန်ခဲ့သည့်တစ်ပတ်အတွင်း ဘာတွေလုပ် ခဲ့သည်ကို ရုတ်တရက် ပြန်စဉ်းစား၍ မရချေ။ သူကိုယ်တိုင်ပင် မေ့တေ့ တေ့ ဖြစ်နေပြီ။

မည်သို့ပင်ဖြစ်စေ နာမည်တပ်ပြီး ရောက်လာတော့ ရင်ဆိုင် ဖြေရှင်းရတော့မည် ဖြစ်သည်။

''ကဲ ...ဆိုပါဦး၊ ကျွန်တော် လစ်မပြေးပါဘူး၊ ဘာကိစ္စလဲ ဆိုတာ''

ကောင်မလေးက မယုံသလို မှုန်တေတေ ပြန်ကြည့်သည်။ ပြီးမှ လင်းကိုတို့ထိုင်နေကျ ကင်တင်းထဲသို့ လက်ညှိုးညွှန်ပြရင်း ...

''ရှင် ပြီးခဲ့တဲ့အင်္ဂါနေ့ နေ့လယ်ပိုင်းက ဟိုကင်တင်းထဲမှာပဲ တခြားကျောင်းသားသုံးယောက်နဲ့ ရှိနေခဲ့တာ ဟုတ်တယ်မဟုတ်လား''

''ဟုတ်မှာပါ ...အဲဒီ မှာ ကျွန်တော် ထိုင်နေကျပဲလေ''

''အဲဒါဆိုရင် ရှင်မှတ်မိဦးမှာပေ့ါ၊ ရှင်နဲ့အတူထိုင်နေတဲ့ လူ တစ်ယောက်က နွယ်ဖြူဆိုတဲ့ ကျောင်းသူတစ်ယောက်အကြောင်း ပြော တယ်''

လင်းကို မင်မိုရီတစ်ချက် ပြန်ခေါ်လိုက်သည်။ မှတ်လည်း ပြန်မှတ်မိသွားသည်။ ထိုနေ့က သူနှင့်အတူ ကျော်နိုင်နှင့် သိန်းဌေးဦးတို့ ခါတိုင်းလိုပင် ထိုင်ဖြစ်ခဲ့ကြသည်။ နွယ်ဖြူဆိုသည့်ကျောင်းသူအကြောင်း ကိုလည်း နာမည်ကြီးကျောင်းသူများစာရင်းအား ကိုယ့်ထမင်းကိုယ် စားပြီး လိုက်လံပြုစုနေသော ကျော်နိုင်နှင့်သိန်းဌေးဦးတို့က အဆိုပြုတင် သွင်းလာခြင်း ဖြစ်သည်။

လှပသည်၊ ခေတ်ဆန်သည်၊ ရည်းစားမရှိ၊ မဟုတ်မခံ။ (ဟုတ် လျှင်ခံသည်ဟု ထည့်မတွေးစေလိုပါ)။ အထူးခြားဆုံးကတော့ နွယ်ဖြူ သည် ကတိအလွန်တည်သည် စသည်ဖြင့် ချီးမွမ်းခန်းဖွင့်နေကြခြင်း ဖြစ်၏ ။

နားထောင်ရင်းနှင့် ကြာလာတော့ လင်းကို မနေနိုင်တော့။ သူတို့ချီးမွမ်းနေသော ထိုကျောင်းသူအား မမြင်ဖူး၊ မသိကျွမ်းဘဲနှင့်ပင် (မနေနိုင် မထိုင်နိုင်/ အားအားယားယား) ...

''မင်းတို့ ဘယ်လောက်ချီးမွမ်း ချီးမွမ်း ကျမ်းဂန်အရ တစ်သိန်းထက်ပိုတန်တဲ့မိန်းမ မရှိပါဘူးကွာ၊ မင်းတို့ပြောတဲ့ နွယ်ဖြူလည်း တန်လှ တစ်သိန်းပေ့ါ''

ထိုသို့ ဝေဖန်ခဲ့သည်။ ဒါသည် ရိုင်းပျစော်ကားခြင်း မဟုတ်ပါ။ ခုတော့ နားလည်မှုလွဲပြီလားမသိ။ တွေးရင်းနှင့်ပင် လင်းကိုက ...

''ဟုတ်တယ် ...မှတ်မိပြီ၊ နွယ်ဖြူဆိုတဲ့ ကျောင်းသူ အကြောင်း ပြောကြတယ်၊ ကျွန်တော် မပြောပါဘူး ...သိန်းဌေးဦးတို့ ပြောကြတာ''

''ရှင် မုန်လာဥမလုပ်နဲ့နော်၊ ရှင်ပဲ အဲဒီ နွယ်ဖြူက တစ်သိန်း ထက် ပိုမတန်ဘူးဆို၊ နားနဲ့ဆတ်ဆတ်ကြားခဲ့ရတဲ့ သက်သေတွေ ကျွန်မမှာရှိတယ်''

အတိအကျကြီးပါလား။ ရပါသည်။ သူပြောသလို မုန်လာဥ မလုပ်ပါ။ ထို့အပြင် ခရမ်းသီးတို့၊ ငှက်ပျောသီးတို့လည်း မလုပ်တတ်ပါ။ အမှန်အတိုင်း လင်းကို ဝန်ခံလိုက်၏ ။

''ဟုတ်တယ် ...ပြောခဲ့တယ်၊ ဒါပေမဲ့''

''ဘာ ...ရှင် အောက်တန်းကျလှချည့်လား၊ ကောင်းပြီလေ ...ရှင်ကိုယ်တိုင် ဝန်ခံနေမှတော့ မော်ကွန်းထိန်းဆီ သွားကြတာပေ့ါ၊ ရှင် ကိုယ့်စကားကိုယ် တာဝန်ယူရဲတဲ့ယောကျ်ားဆိုရင် လိုက်ခဲ့ပါ''

''ဟာ ...ခဏလေး ...မဟုတ်သေးပါဘူးဗျာ''

လက်ကာပြရင်း ကပျာကယာ ငြင်းလိုက်ရသည်။ သို့သော် လည်း ကောင်မလေးက စူးစူးရဲရဲကြည့်ကာ ...

''ဘာမဟုတ်တာလဲ ...ရှင်ပဲ ပြောခဲ့တယ်ဆို၊ နွယ်ဖြူဆို တာ ကျွန်မပဲ''

ပြောရင်း ရှင် ဘာတတ်နိုင်သေးလဲဟူ၍ ယူဆရသော မျက် ဝန်းများဖြင့် လင်းကိုအား ကြည့်နေတော့သည်။ လင်းကိုကလည်း မဟုတ်သေးပါဘူးကွာဟူသော အကြည့်မျိုးဖြင့် ပြန်ကြည့်လျက် ...

''ဩော် ...နွယ်ဖြူဆိုတာ ခင်ဗျားလား၊ အင်း ...သိန်းငွေ ဦးတို့ပြောတာလည်း လွန်တော့မလွန်ပါဘူးဗျာ၊ ခင်ဗျားက အတော် ဆွဲဆောင်မှုရှိတာပဲ''

''ဘာရှင့်၊ ဒီမှာ ...ရှင် ဝေ့လည်ကြောင်ပတ် မလုပ်နဲ့နော်၊ လိုက်မလား, မလိုက်ဘူးလား''

''နွယ်ဖြူရယ်''

လင်းကို စေ့စေ့ကြည့်ကာ ညည်းလိုက်သောကြောင့် နွယ်ဖြူ ဒေါသက ထိန်းမရတော့ချေ။

မီးဝင်းဝင်းတောက်နေသော မျက်ဝန်းအစုံဖြင့် လက်ကို ရွယ် လိုက်စဉ်မှာပဲ လင်းကိုက နောက်တစ်လှမ်းဆုတ်ရင်း ပျာပျာသလဲ တားလိုက်ရ၏ ။

''ဟာ ...မှားမယ်နော်၊ ကျွန်တော်ပြောတာက ခင်ဗျား နားလည်မှုလွဲနေပြီလို့ ဆိုလိုတာပါ၊ ခင်ဗျားကို မကောင်းပြောရအောင် ခင်ဗျားနဲ့ကျွန်တော် ခုမှ တွေ့ဖူးကြတာ''

''ရှင်ပြောတယ်လို့ ရှင့်ပါးစပ်ကပဲ ဝန်ခံပြီးပြီလေ''

''ဟုတ်ပါတယ်၊ ခင်ဗျား ခဏလေး နားထောင်ပါဦး ...အဲဒီ နေ့က ခင်ဗျားအကြောင်းကို ဟိုကောင်တွေက အကောင်းတွေချည်း ပြောနေကြတာပါ၊ ကျွန်တော်ကလည်း မိန်းမဆိုတာ ဘယ်လောက် တော်တော်, ဘယ်လောက်မြတ်မြတ် တစ်သိန်းထက် ပိုမတန်ဘူးဆို တာ ...''

''ခုပဲ ရှင်ပြောပြန်ပြီ ...ဒီမှာ''

''မလောပါနဲ့ဗျာ ...ဣတ္တိသျှတ္တရ ကျမ်းအရ ပဒုမ္မနီ, သင်္ခရနီ, စိတ္တရနီ နဲ့ ဟတ္တနီ မိန်းမဆိုပြီး လေးမျိုးဖွင့်ဆိုထားတယ်ဗျ၊ ခင်ဗျားလည်း ဗဟုသုတအတော်အတန်ရှိရင် ကြားဖူးမှာပါ''

နွယ်ဖြူ အောင့်သက်သက်ဖြစ်သွားရသည်။ မကြားဖူးလျှင်ဘဲ ကိုယ်က ဗဟုသုတမရှိသလိုလို။ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်နေစဉ် မှာပဲ ဒင်းက ...

''အဲဒီ လေးမျိုးထဲက ပဒုမ္မနီ မိန်းမက အမြတ်ဆုံးဗျ၊ မြတ် ခြင်းမှာ သူ့ကို အဖိုးတစ်သိန်းလို့ ကျမ်းက ဖွင့်ဆိုထားတယ်၊ သင်္ခရနီ ကို တစ်သောင်း၊ စိတ္တရနီ ကို တစ်ထောင်နဲ့ ဟတ္တနီ ကိုကျတော့ တစ်ရာတဲ့၊ ခင်ဗျားကို တစ်သိန်းတန်တယ်ဆိုတာ အမြတ်ဆုံး ပဒုမ္မနီ မိန်းမနဲ့ နှိုင်းယှဉ်လိုက်တာပဲဗျာ၊ မကောင်းပြောတာ မဟုတ်ရပါဘူး''

ဒေါသကို မောင်းတင်ထားသော နွယ်ဖြူမှာ တွေဝေသွားရ သည်။ မိန်းမသားဖြစ်သော်ငြားလည်း ထိုသို့သော ကျမ်းဂန်တွေကို သူမ နှိုက်နှိုက်ချွတ်ချွတ် မလေ့လာဖူးပါ။ ခုတော့ ရန်တွေ့ဖြေရှင်းရန် လာသော ကိုယ်သည်ပင် ကျေနပ်ရမလိုဖြစ်သွားရ၏ ။

သို့သော်လည်း လင်းကိုဆိုသော ဒင်းကို မယုံသေး၍ ...

''ရှင်ပြောတာ အမှန်ပဲလို့ ကျွန်မက ယုံရမှာလား''

''အမှန်ပေါ့ဗျ၊ ရှေးပညာရှိတွေ အတိအကျ ဖွင့်ဆိုထားတာပဲ လေ၊ ပေါက်ကရလျှောက်ရေးသွားတာမှ မဟုတ်တာ''

''အာ ...အဲဒီ ရှေးပညာရှိတွေကို ပြောတာမဟုတ်ဘူး၊ အခု ရှင်က အဲဒီ အဓိပ္ပာယ်နဲ့ ပြောတာဆိုတာ ကျွန်မက ဘယ်လိုလက်ခံရ မှာလဲ''

နွယ်ဖြူကတော့ တိတိကျကျ မေးနေပြီ။ လင်းကိုဆိုသောသူ ကလည်း

လင်းကိုဖြစ်သောကြောင့် လွယ်အိတ်ထဲမှ လောကီသိပ္ပံညွှန့် ပေါင်းကျမ်းစာအုပ်ကို ထုတ်ပြကာ (အပိုင်သဘောနှင့်) ...

''ကဲ ...ဒီမှာ မြင်လား၊ အဲဒီ နေ့က ကျွန်တော် ဒီစာအုပ်ဖတ် နေတာဗျ၊ အဲဒီ အချိန်မှာ ခင်ဗျားအကြောင်းကို ဟိုကောင်တွေ ပြောနေ ကြတာနဲ့ကြုံလို့ ကျွန်တော်လည်း ပြောမိသွားတာ၊ မယုံရင်လည်း ခင်ဗျားလုပ်ချင်တာ လုပ်တော့''

ထိုအခါမှတော့ နွယ်ဖြူလည်း လက်မခံလို့ မရတော့ချေ။ လက်မှမခံလျှင် ...အင်း ...။ သူ့အပြောနှင့်သူကတော့ ဟုတ်နေပြီ။ သို့သော်လည်း အရာရာကို တိကျသေချာမှ လက်ခံသော နွယ်ဖြူက ...

''ခုတော့ ရှင်ပြောတာကို တစ်ဝက်လက်ခံလိုက်မယ်၊ ပြီးတော့ ဒီစာအုပ်ကို ကျွန်မ ခဏယူသွားမယ်၊ ဟုတ်,မဟုတ် ဖတ်ကြည့်ပြီးမှ အပြည့်အဝ လက်ခံလို့ရမယ် ...ဘယ်လိုလဲ''

''ဟာ ...ဒီစာအုပ်က ကျွန်တော့်အဘိုး အမွေပေးထားတာ ဗျ ...ရှားတယ်''

''ပြန်ပေးမှာပါ ...ကျွန်မ ကတိပေးတယ်၊ ရှင့်ဘက်က လိပ်ပြာလုံရင် ငှားလိုက်ပေါ့''

လင်းကို စဉ်းစားရတော့သည်။ နွယ်ဖြူ့မျက်နှာကို တစ်ချက် ငေးပြီးမှ စိတ်ဒုံးဒုံးချလိုက်လေ၏ ။ ဒီကောင်မလေးနှင့် သူ ပြန်ဆုံချင် သေးသည်လေ။ ထို့ကြောင့် ...

''ကောင်းပြီလေ ...ယူသွားလိုက်ပါ၊ ကျွန်တော်တို့ ဘယ် နေ့ ချိန်းတွေ့ကြမှာလဲ''

''ဘာရှင့်''

''ဩော် ...ဘယ်နေ့ ပြန်ချိန်းပြီး တွေ့မှာလဲလို့ ပြောတာ ...အဟဲ''

''ရှင် ပြောင်စပ်စပ်မလုပ်နဲ့နော်၊ နောက်တစ်ပတ် ဒီလိုနေ့မျိုး မှာ

တွေ့မယ်၊ ဒီကင်တင်းကို ပြန်လာပေးမယ် ...စိတ်သာချ''

ပြောရင်း လှည့်ထွက်သွားလေ၏ ။ လမ်းမအလယ်မှာ လင်းကို အထီးတည်း ကျန်ခဲ့ရသည်။ အမ ပြန်သွားသည်မို့ အထီးကျန်သလိုပင် ခံစားရသေးသည်။

လမ်းမအလယ်က သူတို့အဖြစ်ကို စပ်စုနေကြသော ပတ်ဝန်း ကျင်ကို ဝေ့ကြည့်ရင်း ပြုံးမိသေးသည်။ ရင်ထဲမှာလည်း ဘာလိုလို၊ ညာလိုလို (ကျေနပ်သလိုလို၊ သာယာသလိုလို)။

ထိုစဉ်မှာပဲ ...

''ဟော့ကောင် လင်းကို''

ဒီတစ်ခါလည်း အဖိုသံပဲဖြစ်သည်။ ထိုငှက်ဆိုးထိုးသံလို အသံ မျိုးက ဟိုလဒ သိန်းဌေးဦး၏ အသံမှန်း မေးစရာမလိုချေ။

ခုတစ်ခါတော့ လင်းကို ကင်တင်းထဲသို့ ခြေဦးလှည့်လိုက်ပါ ၏ ။ လိုအပ်သော ဒေတာလ်များကို စုံစမ်းမေးမြန်းရန်။

•••

# (၂)

ဝင်ထိုင်ထိုင်ချင်း စပ်ဖြီးဖြီးမျက်ခွက်နှစ်ခုကို အရင်တွေ့လိုက် ရသည်။ ကျော်နိုင်နှင့် သိန်းဌေးဦး ...နှာဘူးတွေ။ ဒီကိစ္စကလည်း ဒီကောင်တွေဆီမှ စတင်စီးဆင်းလာသော ကိစ္စဖြစ်သည်။ ခုလည်း ဒီနှစ်ကောင်ထံသို့ပင် ရေဆုံးရေဖျား လိုက်ရတော့မည် ဖြစ်၏ ။

စိတ်ကူးရုံပဲ ရှိသေးသည်။ သိန်းဌေးဦးက စပြောလာ၏ ။

''ဒီလောက် လှမ်းခေါ်နေတာကို မကြားတဲ့ကောင်၊ ကဲ ...ခု ဘာတွေဖြစ်လာတာလဲ''

''ဟဲ ဟဲ ...ဘယ်လိုမှ မဖြစ်ပါဘူးကွာ ...လင်းကိုပါကွ၊ မင်းတို့အမြင်ပဲလေ ...နွယ်ပင်ဖြူဖြူလေးက တစ်ပတ်လောက် လာ ရစ်နှောင်သွားတာ''

လင်းကို မာန်တက်ပြလိုက်သည်။ ဖြစ်စဉ်ကို ဒီကောင်တွေ မြင်ရုံမြင်ပြီး ကြားမှမကြားရသည်ကိုး။ အတွေးက မဆုံးလိုက် ...။ ကျော်နိုင်က မဲ့ရွဲ့ကာ ...

''ဟေ့ကောင် ...ငါတို့ မကြားဘူးဆိုပြီး အပိုတွေ လာလုပ် မနေနဲ့၊ အဲဒီ နွယ်ဖြူတို့အုပ်စုက မင်း ဒီဆိုင်ရှေ့က မဖြတ်ခင်ကဘဲ ဆိုင်ထဲမှာထိုင်ပြီး မင်းကို စောင့်နေကြတာ၊ ငါတို့ကိုတောင် လာမေးပြီး ကောသွားသေးတယ်''

''ဘယ်လို''

''ဟိုနေ့က ငါတို့ပြောနေတော့ ဒီဆိုင်ထဲမှာ သူ့သူငယ်ချင်း တွေ ရှိနေတယ်ကွ၊ အဟီး ...ပြောရတာ ရှက်တောင်ရှက်တယ်၊ သူတို့ကြားပြီး နွယ်ဖြူကို ပြန်ပြောလိုက်တာနေမှာပေါ့''

''ဩော် ...ဒီလိုလား၊ မင်းတို့မှာသာ ရှက်တတ်တဲ့နှလုံးသား ရှိရင်

ဒါတွေတောင် ဖြစ်လာမှာမဟုတ်ဘူး''

နှစ်ကောင်စလုံး မျက်နှာ မဲ့ခွက်ခွက်ဖြစ်သွားကြသည်။

သိန်းဌေးဦးက ...

''သိတယ်လေ ...မင်း ဒီလိုပဲ ပြောလာမယ်ဆိုတာ၊ အဲဒါ ကြောင့်လည်း တစ်သိန်းကိစ္စကို မင်း ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲမသိ ဘူးဆိုပြီး အရင်ပို့ထားလိုက်တာ''

''ခွေးကောင်တွေ ...မင်းတို့ ကျပ်ပြီး ငါ့အဖြစ်ကို အရသာခံ ကြည့်နေကြတာပေါ့ ...ဟုတ်လား''

ကျိန်ဆဲရင်း ပြောလိုက်သော်လည်း နာပုံမပေါ်ကြချေ။ စောင်း ငန်းငန်းပြန်ကြည့်ရင်း ကျော်နိုင်က ပြန်မေးသေးသည်။

''မင်း ရှင်းနိုင်မယ်ဆိုတာ သိပြီးသားပါကွာ၊ ကဲ ...ခုဖြစ် ပုံကို ဒီတေး လျှောက်တင်စမ်းပါဦး''

တော်တော်သိချင်နေကြပြီ ထင်၏ ။ နွယ်ဖြူကလည်း လှတာ ကိုးဟု သာသာထိုးထိုး တွေးလိုက်သည်။ ပြီးမှ ...

''ဘာဖြစ်ရမှာလဲ ...ဟိုတစ်နေ့က စာအုပ်ပါလာလို့ တော် သေးတာပေါ့၊ စာအုပ်ပြပြီး ရှင်းလိုက်တာ စာအုပ်ပါ ယူသွားတော့ တာပဲ၊ မင်းတို့ မမြင်ဘူးလား''

''အင်း ...တိကျစေ့စပ်တဲ့နေရာမှာတော့ နွယ်ဖြူက နာမည် ကြီးပဲ၊ မင်း အလျှောက်ကောင်းလို့ အထောင်းသက်သာသွားတယ် မှတ်ပါ၊ မင်းစာအုပ် ပြန်ပေးပါလိမ့်မယ်''

''ပြောသွားတာပဲ ...စိတ်ချပါတဲ့, ကတိပေးပါတယ်တဲ့''

''အဲဒါဆို မင်း လုံးဝ စိတ်သာချထားလိုက်တော့ ...ကတိ ဆိုတာလည်း နွယ်ဖြူရဲ့ နာမည်ကြီးတစ်ခုပဲလေ''

နည်းနည်းတော့လွန်လာပြီဟု ထင်သည်။ ခုပဲ ချီးမွမ်းခန်း ထပ်ဖွင့်နေပြန်၏ ။

လင်းကိုက ...

''စိတ်တော့ မချနိုင်သေးပါဘူးကွာ၊ ဟင်း ...''

''ဟာ ... ယုံစမ်းပါ၊ ငါ သူ့ကတိနဲ့ပတ်သက်ပြီး ဥပမာတစ်ခု ပြောပြမယ်၊ အဲ ...''

သိန်းဌေးဦး စကားမဆုံးခင်မှာဘဲ လင်းကိုက စကားဖြတ်ကာ

''နေပါဦး ...စိတ်မချဘူးဆိုတာက ငါ့ကိုယ်ငါ ပြောတာကွ၊ နောက်တစ်ခါဆုံရင် အဲဒီ နွယ်ဖြူလေးရဲ့ ရစ်ပတ်မှုမှာ လွတ်မှလွတ်ပါ တော့မလားလို့ တွေးမိနေတာ''

''ခွေးကောင်''

အသံနှင့် တစ်မျိုး၊ အသံတိတ် တစ်ဖုံ နှစ်ကောင်သား ဆဲရေး ကြတော့သည်။ ကိစ္စမရှိပါ။ ထိုအဆဲလောက်တော့ လင်းကိုတို့က အရေထူနေပြီ။ သူငယ်ချင်းအချင်းချင်း ပြောမနာဆိုမနာတွေမို့ ထမင်း စားရေသောက်ပင် ထိုသို့ တိုင်းထွာနေခဲ့ကြသည်ကိုး၊

ပြောကြပါစေလေဟု စိတ်ကောင်းလေးဝင်ကာ လွှတ်ပေးထား လိုက်ပြီးမှ ...

''ကဲ ...ပြီးပြီလား ...ပြီးရင် ပြောတော့၊ နွယ်ဖြူနဲ့ ပတ်သက်တဲ့ မင်းတို့သိသလောက် ဒေတာလ်တွေရယ်၊ ဘာဖြစ်လို့များ ဒီလို လှတပတ ကောင်မလေးကို မင်းတို့ ငါ့ကို မပြခဲ့သလဲဆိုတာကိုပါ ပြောစမ်း''

''အောင်မာ ...မင်းကကော ဘယ်ကောင်မလေးအကြောင်း ပြောပြော စိတ်ဝင်တစား နားထောင်ပြီး လိုက်ကြည့်ဖူးလို့လဲ''

သိန်းဌေးဦးက အပြစ်တင်နေပြန်၏ ။ ဟုတ်တော့လည်း ဟုတ် သည်။ လင်းကိုက မိန်းကလေးတွေကို စိတ်ဝင်တစား လိုက်ကြည့် ခံစားနေခဲ့သူ မဟုတ်။ ထိုသို့ဆိုလျှင် ယောကျ်ားအချင်းချင်း လိုက်ကြည့် ခံစားနေခဲ့သူလည်း မဟုတ်ပါ။ ခုမှ ကောက်ခါငင်ကာ ထဖြစ်ခြင်း ဖြစ်သည်။ ထိုသို့ ဖြစ်တတ်၏ ။

''မောင်''တို့ ယောကျ်ားတွေများ ...။

မည်သို့ပင်ဖြစ်စေ ...

သိန်းဌေးဦးနှင့် ကျော်နိုင်တို့ကတော့ သူတို့မှတ်Oာဏ်ထဲမှ နွယ်ဖြူဆိုသော ကောင်မလေးအကြောင်းကို လင်းကိုအား သူငယ်ချင်းကောင်းပီသစွာ မြိန်ရေယှက်ရေ ပြောပြနေပါတော့သည်။

•••

## (၃)

တစ်ဖက်မှာလည်း နွယ်ဖြူတို့အုပ်စု စာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေကြသည်။ ကျောင်းမှာဖြစ်သော်လည်း ကျောင်းစာအုပ် မဟုတ်ချေ။ လင်းကိုထံမှ ယူလာသော လောကီသိပ္ပံညွှန့်ပေါင်းဆိုသည့် စာအုပ်ကြီးဖြစ်သည်။ ထိုအထဲမှ ဣတ္ထိယသျှတ္တာရကျမ်းကို လှန်ရင်း မိန်းမတို့၏ တန်ဖိုးဆိုသောအရာအား ရှာကြည့်လိုက်သည်။

တွေ့ပါသည်။ လင်းကိုပြောခဲ့သော မိန်းမတို့၏ တန်ဖိုး သတ် မှတ်ပုံကို တွေ့ပါသည်။ ဆက်ဖတ်ကြည့်ကြရင်း (မိန်းမတွေများ) မျက်လုံးတွေ ပြူးကုန်ကြ၏ ။ သို့သော်လည်း မိန်းမပီပီ မနေနိုင်ချေ။

သိမ့်သိမ့်က အားလုံးကြားရအောင် အသံထွက်ပြီးပင် ဖတ်ပြ နေသေး၏ ။

''ဟယ် ...အများကြီးပါလား၊ တန်ဖိုးတင်မဟုတ်ဘူး ... မိန်းမတို့၏

လက္ခဏာ, မိန်းမတို့၏ သွားလာခြင်း, မိန်းမတို့၏ ကြည့်ခြင်း၊ ဘာလဲ ...မိန်းမတို့၏ ...အယ် ...''

''ဟဲ့ သိမ့်သိမ့် ...အကုန်လိုက်ဖတ်မနေနဲ့၊ ဘာတွေမှန်းမသိ ဘဲနဲ့''

မျက်နှာကလေးရဲကာ နွယ်ဖြူက ဟန့်လိုက်၏။ ရှည်ပြီး ယူ လာမိတာ မှားပြီ။ မိန်းမဖြစ်သော်လည်း မိန်းမအကြောင်း ထိုမျှလောက် ရှိမည်ဟူ၍ ပင် မထင်ထားမိချေ။ ရှေးပညာရှိတွေကလည်း ထဲထဲဝင်ဝင် သိနိုင်လွန်းလှသည်။

သိမ့်သိမ့်အသံ ရပ်သွားသော်လည်း မိုးယုမွန်က တစ်စခန်း ထလာပြန်သည်။

''နည်းနည်းပါးပါး ကျော်ဖတ်လေဟာ ...ဗဟုသုတရတာ ပေါ့ဟ''

''နင်တို့ပဲ ဖတ်တော့ ...ငါ့မှာ ဘယ်မျက်နှာနဲ့ ပြန်ပေးရမှန်း တောင် မသိတော့ဘူး၊ ငါကိုက မှားတာပါ''

တဖျစ်တောက်တောက်ပြောရင်း နွယ်ဖြူ စိတ်ညစ်လာတော့ သည်။ ထိုစာအုပ်ကိုလည်း မလေ့လာချင်တော့ပါ။ သို့သော်လည်း သိမ့်သိမ့်နှင့်မိုးယုမွန်တို့က ဆက်လက် လေ့လာနေသောကြောင့် အလို လိုနေရင်း ကြားနေရတော့သည်။

''လင်းကိုဆိုတဲ့လူပြောတာလည်း ဟုတ်သားပဲဟဲ့၊ အမြတ်ဆုံး ပဒုမ္မနီမိန်းမက တစ်သိန်းတန်တယ်ဆိုပဲ ...ဟီဟီ၊ ပြီးတော့ ပဒုမ္မနီ မိန်းမရဲ့ လက္ခဏာတွေက အသားဖြူ၏၊ ကြာညိုပန်းအနံ့ကဲ့သို့ ရှိ၏၊ အရသာချို၏ တဲ့၊ ဟဲ့ နွယ်ဖြူ ...လာစမ်း၊နင်က အသားတော့ဖြူပါ တယ်၊ အနံ့က ဘာနံ့ရမလဲ နမ်းကြည့်ရဦးမယ်''

ကိုယ့်ဟာကိုယ် ကောင်းကောင်းမဖတ်ဘဲ လာစနေသော ကြောင့် နွယ်ဖြူက စိတ်တိုတိုနှင့် ...

''လာနမ်းကြည့်လေ၊ ငါ့ဆီက ကြာညိုပန်းနံ့တော့ ရမှာ မဟုတ်ဘူး၊

ဒေါ်ခင်ညွန့်ရီအနံ့ပဲ ရလိမ့်မယ်''

''ဘာ ...ဒေါ်ခင်ညွန့်ရီအနံ့ ...ဟုတ်လား၊ ဘယ်က ဒေါ်ခင် ညွန့်ရီက ပါလာပြန်ရတာ လဲ''

ပြန်မေးလာသော မိုးယုမွန်ကို နွယ်ဖြူက မျက်စောင်းထိုးရင်း

''ဒါလေးတောင်မသိဘူးလား မိုးယုရာ၊ ဒေါ်ခင်ညွန့်ရီ ဆိုမှ တော့DKNY ပေါ့၊ အဲဒါ ရေမွှေးတံဆိပ်ဆိုတာတော့ နင် သိပါတယ် နော်''

''သိပါတယ်ဟ၊ နင်က DKNY လို့မှ တဲ့မပြောတာကိုး''

ထိုအခါမှ နွယ်ဖြူက မျက်ခုံးနှစ်ဖက်စုကာ ...

''အေး ...ဒါပဲပြောတော့မယ်၊ အဲဒီ အထဲကဟာတွေကို နင် တို့ဘာသာပဲ ဆွေးနွေးတော့ ...ငါမပါတော့ဘူး၊ အဲ ...ပြီးရင်တော့ အဲဒီ စာအုပ်ကို ငါ့လွယ်အိတ်ထဲမှာ ထည့်ထားလိုက်''

ပြောရင်း နွယ်ဖြူ ထရပ်လိုက်သည်။ သိမ့်သိမ့်က မော်ကြည့် ရင်း ...

''ဟဲ့ ...နင်က ဘယ်သွားမလို့လဲ''

''ဟိုဘက်ခန်းက မိဝါဆီကိုဟ့ေ၊ နင်တို့အနားမှာ နေရတာ နားညည်းတယ်''

''အဲဒါဆိုလည်း မမသဘောပါပဲ၊ ကျွန်မတို့တော့ သိသင့်တာ လေးတွေ မှတ်သားလိုက်ဦးမယ် ...ကြွပါ ကြွပါ''

သိမ့်သိမ့်က ပြန်ရွဲ့တော့သည်။ နွယ်ဖြူလည်း ပြောဆိုဆုံးမ၍ မရတော့သည့် နှစ်ယောက်အား စိတ်လက်ကုန်ခန်းသောပုံစံဖြင့် ကြည့် ကာ ထွက်လာခဲ့သည်။

ဟိုဘက်အခန်းမှ အိမ်နီးနားချင်းသူငယ်ချင်းဖြစ်သူ ဇင်ဝါစိုး ဆီသွားကာ

စာသင်ချိန်တစ်ချိန်လုံး နေပစ်လိုက်၏ ။

ထိုအချိန်ပြီးတော့ မုန့်စားကျောင်းဆင်းချိန် ဖြစ်သည်။ နွယ်ဖြူလည်း ဇင်ဝါစိုးကိုခေါ်ကာ ကိုယ့်အခန်းထဲ ပြန်ဝင်လိုက်၏ ။ ထိုင်နေကျခုံမှာ သိမ့်သိမ့်နှင့် မိုးယုမွန်တို့မရှိတော့ပါ။ တခြားခုံတွေဆီ ဖေ့ကြည့်ရင်း ရှာကြည့်သော်လည်း မတွေ့။ ထမင်းစားရန် ကင်တင်းသို့ သွားကြပြီထင်သည်။ မိမိကိုပင် မစောင့်ချေ။

ဇင်ဝါစိုးကို ခဏစောင့်ဟု ပြောကာ ခုံတန်းဆီသွားပြီး လွယ် အိတ်သွားယူလိုက်၏ ။ ဟိုစာအုပ်ကို သတိရပြီး လွယ်အိတ်ထဲ ရှာကြည့် လိုက်သည်။ မတွေ့ပြန်ချေ။ ဘာတွေများ ဒီလောက် နှိုက်နှိုက်ချွတ်ချွတ် လေ့လာရအောင် ဟိုစာအုပ်ကို ကင်တင်းအထိ ယူသွားသနည်း။

စိတ်တိုတိုနှင့် လွယ်အိတ်ယူကာ နှစ်ယောက်သား ထိုင်နေကျ ကင်တင်းသို့ ထွက်လာခဲ့သည်။ ကင်တင်းရှေ့အရောက် လှမ်းကြည့် လိုက်တော့ မယ်မင်းကြီးမနှစ်ယောက်က အစားအသောက်များပင် မှာယူမျိုဆို့နေကြပြီ။

သူတို့ကိုမြင်တော့ မိုးယုမွန်က သွားဖြဲပြကာ ...

''ဩော် ...မိဝါပါလာတာကိုး၊ လာလေ၊ ငါတို့လည်း ဗိုက် ဆာလာတာနဲ့ နွယ်ဖြူရယ် အချိန်ပြီးအောင်တောင် မစောင့်နိုင်ဘဲ ထွက်လာကြတာ''

ပါးစပ်ထဲ ထမင်းတွေဝင်နေသဖြင့် သိမ့်သိမ့် ခေါင်းပဲညိတ်ပြ နိုင်သည်။

နွယ်ဖြူက ...

''တော်တော်ကြိုးစားတဲ့ဟာတွေပဲ၊ ကျောင်းစာကျတော့ အချိန် ပြီးအောင် မတက်ဘူး၊ ဟိုစာအုပ်ကျတော့ ဒီအထိ လေ့လာဖို့ ယူလာ တယ် ...ဟုတ်လား''

နွယ်ဖြူက ငေါက်ငမ်းရင်း အပြစ်တင်လိုက်သည်။ ပါးစပ်ထဲ ထမင်းတွေ ဝင်နေရင်းကပင် သိမ့်သိမ့်က မျက်လုံးပြူးပြပြန်၏ ။ မိုး ယုမွန်ကလည်း

အံ့သြဟန်ဖြင့် ...

''ဟဲ့ ...မယူလာပါဘူး၊ ခုံထဲက နင့်လွယ်အိတ်ပေါ်မှာ အသာတင်ထားခဲ့တာပဲလေ''

''ဘာ ...ဘယ်လို ဘယ်လို''

ဒီတစ်ခါ မျက်လုံးပြူးရသူက နွယ်ဖြူဖြစ်သွားသည်။ လွယ်အိတ်ထဲမှာရော ခုံခေါင်းထဲမှာပါ သူမ အသေအချာ ရှာခဲ့ပါသည်။ မျက်စိလျှမ်းစရာအကြောင်းလည်း မရှိ။

နွယ်ဖြူက သူတို့နှစ်ယောက်စလုံးကို စေ့စေ့ကြည့်ကာ ...

''နင်တို့ မနောက်နဲ့နော် ...သူများစာအုပ်ကို ငါ ပြန်ပေးရမယ်ဆိုတာသိလို့ နောက်နေတာမဟုတ်လား''

''ဘုရားစူး နွယ်ဖြူရယ် ...မနောက်ပါဘူး''

ထမင်းမျိုကျသွားပြီဖြစ်သော သိမ့်သိမ့်က ဘုရားနှင့်ကိုင်ပေါက်တော့သည်။

''နောက်စရာလားဟာ ...ငါတို့ယူလာရင် ဟိုကျန်,ဒီကျန် ဖြစ်မှာစိုးလို့ကို အသေအချာ ထားခဲ့တာ၊ မှတ်စရာရှိတာတွေလည်း မှတ်ပြီးပါပြီ''

''နင်တို့ တကယ်ပြောနေတာလား''

မျက်နှာထားတည်တည်နှင့် မေးရတော့သည်။ သူတို့ကလည်း လုံးဝတကယ်ပါဟု လေးနက်စွာ ဆိုလာသည်။ နွယ်ဖြူ ဒီခေါင်း လေးနှင့်ပင် ခေါင်းကြီးသွားရ၏ ။ ထိုသို့ဆိုလျှင် ပြဿနာက ရှိနေပြီ။

ထမင်းပင် မစားနိုင်တော့ဘဲ အခန်းထဲ ခြေဦးပြန်လှည့်ရတော့ ၏ ။ စိတ်ထဲက ထင်ရသည့်အတိုင်း စာအုပ်က မရှိနေပါ။ အနီးအနား မေးကြည့်ပြန်တော့လည်း သတိမထားမိကြပါတဲ့။ ပွဲက ပြီးနေပြီ။

ခေါင်းတွေထူပူပြီး အတန်းထဲမှာ ငူငူကြီးထိုင်နေမိတော့၏ ။ သိမ့်သိမ့်တို့ကလည်း နောက်က လိုက်လာကြသည်။ သူမပုံစံကို ကြည့် ပြီး သူတို့လည်း ဒီလောက်ထိ နောက်မည်မဟုတ်ချေ။

ဘာလုပ်ရမည်မှန်း မသိတော့။ သိမ့်သိမ့်နှင့်မိုးယုမွန်တို့က အတန်းထဲရှိ လူပေါက်စေ့ လိုက်မေးနေလေ၏ ။ အဖြေက တစ်ခုတည်း။ အဆုံးသတ်က 'ဘူး' တွေချည်းဖြစ်လေသည်။

လင်းကိုဆိုသော ငနဲအား အပိုင်ပြောပြီး စာအုပ်ကို ယူလာခဲ့ သည်။ နောင်တစ်ပတ် ပြန်ပေးမည်ဟုလည်း ကတိ တစ်လုံးထားခဲ့ပြီး ပြီ။ ခုတော့ ကတိပျက်ရတော့မည်လား။ အဖြစ်မခံနိုင်ပါ။

စဉ်းစားရင်း အတွေးထဲမှာတော့ လင်းကို၏ ပြောင်စပ်စပ် မျက်နှာကြီး ပေါ်လာတော့၏ ။

အဲဒါ ဒင်းကြောင့်။ ဒင်း လျှာရှည်လို့ ခုလိုတွေဖြစ်ပြီး ငါ့မှာ စိတ်ရှုပ်နေရတာ ။

နွယ်ဖြူတစ်ယောက် လင်းကိုအား ကောင်းကောင်းမေတ္တာပို့မိ နေတော့၏ ။

သူပို့သသည့်မေတ္တာကြောင့်လည်း လင်းကိုခမျာမှာတော့ ...။

•••

## (၄)

လင်းကိုတစ်ယောက်မှာတော့ နွယ်ဖြူ ထိုသို့ ရတက်ပွေနေရ သည့်အဖြစ်ကို စိတ်ကူးနှင့်ပင် မတွေးမိချေ။ သိစရာလည်း အကြောင်း မှ မရှိသည်ကိုး။ ခုလည်း ကျောင်းပိတ်ရက်ဖြစ်သဖြင့် သူ့အခန်းထဲမှာ အေးအေးလူလူ စာဖတ်လျက် ရှိနေသည်။

ကျောင်းစာတွေ ကျက်နေခြင်း မဟုတ်ပါ။ လက်လှမ်းမီရာ စာအုပ်တစ်အုပ်ကို ဆွဲယူဖတ်ရင်း ဇိမ်ကျနေခြင်း ဖြစ်သည်။ အတွေးထဲ တစ်ချက်တစ်ချက်ပင် နွယ်ဖြူက ဝင်လာသေးသည်။ ကျောင်းပြန်ဖွင့် လျှင် ဒင်းကလေးနှင့် ပြန်ဆုံရတော့မည် ဆိုပြီးပေါ့။

လင်းကိုက စာဖတ်ဝါသနာပါသည်။ အခန်းထဲမှာလည်း ကိုယ် ပိုင်စာအုပ်များ၊ အဘိုးအမွေပေးခဲ့သော စာအုပ်များနှင့် ပြည့်ကျပ် ရှုပ်ပွနေ၏ ။ အဝတ်အစားတွေကလည်း တိုးလိုးတွဲလောင်း ရှိနေသေး သည်။ ဒီလို တစ်ဦးတည်းသောသားလေး၏ အခန်းထဲသို့ ဖေဖေနှင့် မေမေက ဝင်လေ့မရှိ။ ခေါင်းမူးသည်ဟု ဆိုသည်။

စာဖတ်နေရင်း အိမ်ရှေ့ခန်းဘက်မှ အသံစာစာတစ်ခုကို ကြား လိုက်ရသည်။ လာပြန်ပြီဟု မသက်မသာ တွေးမိပြန်သည်။ အလှူခံ၊ ရေဖိုး၊ မီတာခ၊ ဖုန်းဘီ(လ်) စသည်ဖြင့် မဟုတ်ပါ။ ဖေဖေ၏ အစ်မ ကြီးဖြစ်သော သူ၏ ကြီးမေအသံ ဖြစ်သည်။

တစ်မျိုးတစ်ဆွေလုံးအပေါ် ဩဇာညောင်းသူ၊ ကြွယ်ဝသော အဒေါ်ဖြစ်၍ လင်းကိုလည်း ချစ်ကြောက်ရိုသေရသည်။ မထင်လျှင် မထင်သလို မုန့်ဖိုး ပက်ခနဲပေးတတ်သလို၊ နစ်နစ်နာနာပြောတတ် သော အပျိုကြီးလည်း ဖြစ်သည်။ လင်းကိုက ပြန်လှန်ပြောတတ်၍ သိပ်အကြောတည့်လှသည်တော့ မဟုတ်။

ခုလည်း ပြောဆိုဆုံးမတာတွေ ခံရလေဦးမည်ဟူ၍ အတွေးက မဆုံးလိုက်။

အခန်းတံခါးကို တွန်းဖွင့်ကာ ကြီးမေက အခန်းဝမှာရပ်လိုက် သည်။ ပြီး အခန်းထဲသို့ ဝင်မလာသေးဘဲ မျက်မှောင်ကုတ်၊ နှာခေါင်းရှုံ့၊ ခေါင်းတခါခါကြည့်ရင်း ...

''ငလင်းကို ...နင့်အခန်းထဲလည်း နင်ပြန်ကြည့်ဦး ...ရှုပ်ပွ

ညစ်ပတ်နေတာပဲ၊ ကြွက်တွေတော့ တော်တော် သဘောကျလိမ့်မယ်၊ ဒီလောက်နေစရာမရှိအောင် ညစ်ပတ်နေတဲ့အခန်းထဲမှာ နင် ဘယ် လိုများ အိပ်တာတုံး ...ဟဲ့''

လိုတာထက်ပိုပြောပြီမှန်း လင်းကို သိလိုက်သည်။ ထို့ကြောင့် လှဲလျောင်း စာဖတ်နေတာပင် မပျက်ဘဲ ...

''အိပ်တာကတော့ ကြီးမေရယ် ...မျက်စိမှိတ်ပြီး အိပ်လိုက် တာပဲ ...ဘာခက်တာမှတ်လို့''

''ဘာ''

ကြီးမေ၏ ဒေါသက ပြူထွက်လာသည်။ တစ်ဆက်တည်း ...

''ဘယ်သူကကော မျက်စိဖွင့်ပြီး အိပ်လို့ရမှာလဲဟဲ့''

''မသိဘူးလေ၊ ကြီးမေတို့ခေတ်တုန်းက သီချင်းတစ်ပုဒ် ရှိ တယ် မဟုတ်လား၊ ဘာလဲ ...ဂစ်တာဖေဝင်းဆိုလား ရေးတာလေ ...မျက်လုံးဖွင့်ပြီး အိပ်ကြည့်စမ်းပါ အချစ်ရယ်ဆိုတာ''

အသံနေအသံထားနှင့်ပင် ဆိုပြလိုက်သေး၏ ။ ဘယ်ရမလဲ ...'အော်လ်တာ'လင်းကိုပဲလေ။

ကြီးမေကလည်း လက်သံပြောင်သည်။ နီးစပ်ရာ စာအုပ်တစ် အုပ်ကို ဆွဲယူပြီး ပစ်ပေါက်ကာ ...

''ဟဲ့ကောင် ...အပိုတွေ ပြောမနေနဲ့၊ ပြန့်ကျဲရှုပ်ပွနေတဲ့ နင့်စာအုပ်တွေကို သပ်သပ်ရပ်ရပ်လုပ်ပြီး အခန်းကို နေချင်စဖွယ် လုပ်ဖို့ပြောတာ''

''ဟာ ...ကြီးမေကလည်း ဒါတွေက ကမ္ဘာလေ၊ ဒီ ပြန့်ကျဲ နေတဲ့စာအုပ်တွေထဲမှာ ကမ္ဘာကြီးကို လေ့လာလို့ရတယ်၊ ဟဲ ဟဲ ...ကမ္ဘာ့မြေပုံလိုပေါ့၊ ဒါဆို ဟစ်တလာစာအုပ်၊ ဒုတိယကမ္ဘာစစ်ကို ပြန်ကြည့်လို့ရတယ်၊ ကဲ ...ဒါက ချေဂွေဗားရားရဲ့ ကျူးဘား၊ ဒါဆို အသစ်ဗျ ...အိန္ဒိယရဲ့ ဆလန်းဒေ့ါလေ''

စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဆွဲယူပြရင်း ပြောလိုက် သည်။ ဒါတောင် တရုတ်ပြည်က နည်းနည်းလှမ်းနေလို့။

''နင် ...ပြောလေ ကဲလေပါလား လင်းကို''

ကြီးမေ ရှူးရှူးရှားရှား ဖြစ်လာတော့သည်။ လင်းကိုကလည်း တစ်ခွန်းမခံ။ ဒီအဒေါ်နှင့် ဒီတူကတော့ ထိုသို့ပင် ဖြစ်ကြစမြဲ။

''နင်က ကျောင်းသားလေ၊ နင့်ကျောင်းစာကို မကြည့်ဘဲ ဒါတွေချည်း ဖတ်နေရအောင် နင်က ဘာပုဂ္ဂိုလ်ကြီး ဖြစ်နေလို့လဲ၊ ကမ္ဘာကြီးကိုများ ဘာတာဝန်ယူထားရလို့လဲ''

ဒါတော့ ကြီးမေမှားသွားပြီဟု လင်းကို တွေးလိုက်၏ ။ မနေနိုင် သောပါးစပ်ကလည်း ထွက်ဖြစ်အောင် ထွက်သွားသေးသည်။

''လူတိုင်းဟာ ကမ္ဘာကို ကြည့်နေရတာ ပေါ့ ကြီးမေရာ ... ခေတ်ကြီးက ကမ္ဘာ့ရွာကြီးခေတ် ဖြစ်နေပြီ၊ ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ဗျ၊ နားလည်အောင်ပြောရရင်တော့ ဟိုးအရင်တုန်းက ကိုယ့် ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အနေအထားတွေကို ပြတင်းပေါက် ဖွင့်ကြည့် မြင်နိုင်ပေမယ့် ဒီခေတ်မှာ တီဗီဖွင့်ကြည့်ရင် တစ်ကမ္ဘာလုံးရဲ့ အနေအထားတွေကို မြင်ရနိုင်ပြီလေ၊ ဒါလည်း ဂလိုဘယ်လိုက်ဇေးရှင်း တစ်မျိုးပဲ''

ကြီးမေ အောင့်သက်သက် ဖြစ်သွားပုံရသည်။ ချက်ချင်းပဲ

''အောင်မာ ...လာလာချည်သေး၊ ကြီးကြီးကျယ်ကျယ် တော်၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တဲ့ ...ငါတော့ ကြားဖူးပေါင်''

''ဒါနဲ့ ကြီးမေ ...ဒိုင်ယာနာမင်းသမီးကိုတော့ ကြားဖူးတယ် မဟုတ်လား''

ဒါမျိုးကျပြန်တော့ ကြီးမေက မခံနိုင်ပြန်ချေ။ မျက်စမျက်နှနှင့် ပင် ...

''အောင်မာ ...ဒိုင်ယာနာတော့ ငါကြားဖူးတာပေါ့ဟဲ့၊ အင်္ဂ လန်က

မင်းသမီးပဲဟာကို၊ လေထဲကဖယောင်းတိုင်ဆိုတဲ့ သီချင်း တောင် သူ့အတွက်ဂုဏ်ပြုပြီး ဆိုထားတာ''

တယ်ဟုတ်ပါလားဟု တွေးရင်း လင်းကိုက ...

''အဲဒီ လောက်သိရင် ကြီးမေကို ဂလိုဘယ်လိုက်ဖေးရှင်း ဆိုတာ ရှင်းပြမယ်''

''လုပ်စမ်းပါဦး''

ကြီးမေ စိတ်ဝင်စားသွားပုံရသည်။ ဒါမှလည်း သူများတွေကို ပြန်ဆရာလုပ်လို့ ရမှာကိုး။ သြော် ...ကြီးမေ ကြီးမေ။ သနားစရာ ငါ့အဒေါ်အပျိုကြီး။ လင်းကိုက ပါးစပ်ထဲ တွေ့ရာနှင့် 'ဖော'တော့သည်။

''ဒီလိုဗျ ...ဂလိုဘယ်လိုက်ဖေးရှင်း အကြောင်း ဥပမာ ပေးရရင် ဒိုင်ယာနာက အင်္ဂလန် က မင်းသမီး၊ သူ့ရဲ့နောက်ရည်းစား က အီဂျစ် လူမျိုး၊ စီးလာတဲ့ကားက ဂျာမန် ကားလေ၊ အဲဒီ ကားအင် ဂျင်က ဒတ်ချ် မိတ်၊ မောင်းတဲ့ဒရိုင်ဘာက ဘယ်ဂျီယန်၊ ဖြစ်ချင် တော့ အဲဒီ ဒရိုင်ဘာက စကော့ ဝီစကီတွေ အလွန်အကျွံသောက်ပြီး မောင်းလိုက်တာ ကားက ပြင်သစ် တူးမြောင်းထဲကျသွားရော''

''ရှုပ်နေတာပဲဟယ်''

''မပြီးသေးဘူးဗျ၊ သူတို့ကားနောက်က အနီးကပ် လိုက်နေတဲ့ လူတွေက အီတလီ က သတင်းဓာတ်ပုံသမားတွေ၊ ကားမှောက်လို့ ဒဏ်ရာရတဲ့သူတွေကိုကုပေးတာက အမေရိကန် ဆရာဝန်၊ အဲဒီ ဆရာ ဝန်သုံးတဲ့ဆေးက ဘရာဇီး ဆေးတွေဗျ၊ ကဲ ...နောက်ဆုံးတော့ ဘာဖြစ်လဲ အကုန်သေကုန်တာပဲ မဟုတ်လား''

''ဟဲ့ ...နင့်ဟာက''

''အဲဒါပဲလေ ...ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ တစ်ကမ္ဘာ လုံးဟာ အရမ်းနီးနီးကပ်ကပ်ပဲ ဆက်နွယ်ပတ်သက်နေတယ်ဆိုတာ ကြီးမေ လက်ခံပြီလား''

ကြီးမေက ခေါင်းတစ်ချက် ပြင်းပြင်းညိတ်သည်။ ပြီး အလွန် ပိုင်ဆိုင်သောလေသံဖြင့် ...

''အေး ...နင့်ဂလိုဘယ်လိုက်ဇေးရှင်းပြီးရင် ငါ့မြန်မာလိုက် ဇေးရှင်းအကြောင်းလည်း နားထောင်ဦး၊ အဲဒီ အတွက် ဒီနေ့ ဒီကိုလာခဲ့ တာ''

''ဗျာ ...မြန်မာလိုက်ဇေးရှင်း ...ဟုတ်လား''

ဒီတစ်ခါတော့ လင်းကို နဝေတိမ်တောင် ဖြစ်ရလေတော့ သည်။ ထိုသို့လည်း တစ်ခါမှ သူ မကြားဖူးချေ။ ကြီးမေကတော့ မျက်ခုံးလေးပင့်ကာ ပင့်ကာနှင့် ...

''အနီးစပ်ဆုံး နင့်အဖေ ငါ့မောင်ကိုပဲကြည့် ...ကျောင်းတုန်း က ရည်းစားတွေထားတယ်၊ အချိန်တန်တော့ မန္တလေးက ငါ သဘောကျတဲ့ နင့်အမေနဲ့ ပေးစားတာကို ယူရတာ ပဲ၊ ပြီးတော့ နင့် အဖေအောက်က နင့်အဒေါ်ကို ကြည့်မလား ...ငါစီစဉ်တဲ့ ကန့်ဘလူ က မောင်စိုးအောင်နဲ့ ယူရတာ ပဲ၊ သူတို့သား နင့်အစ်ကိုဝမ်းကွဲ ခန့် မင်းထက်ရော ဘာထူးလဲ ...ငါ မန္တလေးသွားရင်းတွေ့လာတဲ့ ကောင် မလေးကို သဘောတွေ့လို့ ပေးစားလိုက်တယ်''

''ဗျာ''

''မဗျာနဲ့ ...ခု နင့်အလှည့်ရောက်လာပြီ''

''ဟာဗျာ ...ကြီးမေကလည်း ကျွန်တော်က ကျောင်းတက် တုန်းပဲ ရှိသေးတာ''

လင်းကို ပျာပျာသလဲ ငြင်းရတော့သည်။ မငြင်းလို့လည်း မဖြစ်ချေ။ ကြီးမေ၏ မြန်မာလိုက်ဇေးရှင်းက ခုပင် တော်တော်ကြောက် စရာကောင်းနေပြီ။

''ငါသိတယ် ...နင့်ကိုလည်း မိန်းမ,မပေးစားသေးဘူး၊ နင့် မိဘတွေကို လာအသိပေးထားတာ''

''ဘာ ...ဘာကိုအသိပေးတာလဲ ဟင်''

ညောင်နာနာ မေးလိုက်သော်လည်း ကြီးမေလေသံက ပျော့ ကျမသွား။ ပို၍ ပင် မာလာသယောင် ရှိသည်။

''ဘာ အသိပေးရမှာလဲ ...ငါ့ကိုကျော်ပြီး ဘာမှမလုပ်ဖို့ ပေါ့၊ ငါ သဘောကျတဲ့ ကောင်မလေးတစ်ယောက် တွေ့ထားတယ်၊ ငါ့မိတ်ဆွေတွေရဲ့ သမီးပဲ၊ မျိုးရိုးလည်း ကောင်းတယ်၊ အဲဒါ နင်နဲ့ ကျောင်းမပြီးသေးခင်မှာ စေ့စေပေးထားမလို့''

''ဗျာ''

''နင်လည်း ပတ်သက်ထားတာတွေရှိရင် ဒီနှစ်ထဲ အကုန်ရှင်း ထား၊ နောက်နှစ်က နောက်ဆုံးနှစ်နော်၊ အဲဒီ ခါကျရင် စေ့စပ်ပေးမယ် ...ဒါပဲ''

ပြောရင်း ကြီးမေ လှည့်ထွက်သွားတော့၏ ။ ပြီးမှ ဘာ သတိရပြန်သည် မသိ၊ ပြန်လှည့်လာကာ ...

''အခန်းကိုလည်း ရှင်းဦး၊ ပုံစံကိုလည်း လူကြည့်ကောင်း အောင်နေ၊ အဝတ်အစားလေးဘာလေး ဝတ်ချင်ရင် ပိုက်ဆံယူထား လိုက် ...ရော့''

ထောင်တန်သုံးအုပ်က သူ့ရှေ့ကျလာသည်။ လင်းကို တစ်ချက်စဉ်းစားလိုက်၏ ။ ကြီးမေပေးစားတဲ့ မိန်းမကို မယူချင်ဘူး၊ ဒီပိုက်ဆံတွေကိုလည်း မယူဘူးဟူ၍ ပြောလို့မဖြစ်ပါ။ ပိုက်ဆံကိုတော့ လက်ခံ ရပေမည်။ မိန်းမကတော့ နောင်ခါလာ နောင်ခါစျေးပဲ။

တစ်ခွန်းတော့ လှမ်းမေးမိသည်။ မြန်မာလိုက်ဖေးရှင်း ဆို သည်ကိုး။

''ဒါနဲ့ ကြီးမေ ...ကျွန်တော်နဲ့ စေ့စပ်ပေးမယ့် ကောင်မလေး က

ဘယ်ဇာတိကလဲ''

''ဇာတိလား ...အဲ ...မြင်းခြံက''

''သြော် ...''

သူ့အလှည့်ကျမှပဲ မြင်းခြံကတဲ့။ သူသည် မြင်း မဟုတ်ပါ။ ခြံခတ်လျှင်လည်း ထိုခြံထဲက ခုန်ထွက်ရမည်သာ ဖြစ်သည်။ ဘာဖြစ်လို့ လဲဆိုတော့ သူ့အား ရစ်ပတ်စေချင်သော နွယ်ပင်လေးတစ်ပင်က သူ့နှလုံးသားထဲ အမြစ်တွယ်စ ပြုနေသည်ပဲလေ။

နွယ်ဖြူ့အကြောင်းကို စဉ်းစားတိုင်း ...

မျက်နှာလေး ပြန်မြင်ယောင်တိုင်း ...

လင်းကိုနှလုံးသားသည် စုန်းပူးခံရသလို တလှပ်လှပ် မူးနေ တော့သည်။

•••